2026 ခုနှစ်၊ ဧပြီလ 1 ရက်

# <u>စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 1 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ - ပြည်တွင်းစာမေးပွဲ လမ်းညွှန်ချက်</u>

## 1. စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 1 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲနှင့် ပတ်သက်၍

"အထူးကျွမ်းကျင်လုပ်သား" ဆိုသည်မှာ စားသောက်ကုန်ထုတ်လုပ်ငန်း အစရှိသည့် ဂျပန်နိုင်ငံတွင် လုပ်သားအင်အား လိုအပ်ချက်ရှိနေသော လုပ်ငန်းကဏ္ဍများတွင် နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များကို လက်ခံအလုပ်ခန့်အပ်သည့် စနစ်တစ်ခု ဖြစ်ပါသည်။

စားသောက်ကုန်ထုတ်လုပ်ငန်းအတွက် အထူးကျွမ်းကျင်လုပ်သား အဆင့် 1 နေထိုင်ခွင့်ဗီဇာ ရရှိရန်အတွက် "စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 1 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ" နှင့် "ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ" နှစ်ခုစလုံးကို အောင်မြင်ရန် လိုအပ်ပါသည်။

"ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ" တွင် ဂျပန်ဖောင်ဒေးရှင်းမှ ကျင်းပသော "ဂျပန်စာအခြေခံစစ်ဆေးမှု (JFT-Basic)" နှင့် ဂျပန်ဖောင်ဒေးရှင်းနှင့် ဂျပန်နိုင်ငံတကာပညာရေး ထောက်ပံ့ကူညီမှုအသင်းတို့မှ ပူးပေါင်းစစ်ဆေးသော "ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (JLPT)" ဟူ၍ ရှိပါသည်။

"စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 1 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ" (နောင်တွင် "စာမေးပွဲ" ဟု ခေါ်ဆိုပါမည်) ကို အထွေထွေအသင်းအဖွဲ့ချုပ် နိုင်ငံခြားသား အစားအသောက်လုပ်ငန်း ကျွမ်းကျင်မှု အကဲဖြတ်ရေးအဖွဲ့ (OTAFF) မှ တာဝန်ယူ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

အထူးကျွမ်းကျင်လုပ်သား နေထိုင်ခွင့်ဗီဇာ လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက တရားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်စီမံခန့်ခွဲမှုဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းပါ။

စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပြင်ပစားသောက်ကုန်လုပ်ငန်း တို့၏ အထူးကျွမ်းကျင်လုပ်သား အဆင့် 1 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲများမှအပ အခြားကိစ္စရပ်များကို သိရှိလိုပါက OTAFF ၏ ဝဘ်ဆိုက်ပင်မစာမျက်နှာ ၏ Top Screen တွင်ရှိသော "စုံစမ်းမေးမြန်းရန်" ကဏ္ဍမှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## 2. စာမေးပွဲဖြေဆိုခွင့် အရည်အချင်း

ဂျပန်နိုင်ငံတွင် စားသောက်ကုန်ထုတ်လုပ်ငန်း အဆင့် 1 အထူးကျွမ်းကျင်လုပ်သား စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ ကို ဖြေဆိုခွင့်ရှိသူများမှာ စာမေးပွဲဖြေဆိုသည့်နေ့တွင် အောက်ပါအချက် (1) နှင့် (2) နှစ်ခုစလုံး နှင့် ကိုက်ညီသူများ ဖြစ်ရပါမည်။

(1) နေထိုင်ခွင့်ဗီဇာ ရှိထားပြီး (သတိပြုရန်အချက် 1)၊ စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် 17 နှစ် ပြည့်ပြီးသူများ။

(2) နိုင်ငံမှထွက်ခွာရန်အမိန့်ကို ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု တရားရေးဝန်ကြီးက ကြေညာချက်ဖြင့် သတ်မှတ်ထားသော နိုင်ငံခြားအစိုးရ သို့မဟုတ် ဒေသ၏ အာဏာရှိသော အဖွဲ့အစည်းမှ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် ပတ်စပို့ (သတိပြုရန်အချက် 2) ကို ကိုင်ဆောင်ထားသူများ။

(သတိပြုရန်အချက် 1) ဂျပန်နိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာပြီး ဂျပန်နိုင်ငံတွင် နေထိုင်နေသူများသည် စာမေးပွဲကို ဖြေဆိုခွင့်ရှိပါသည်။ နေထိုင်ခွင့်ကတ် မရှိသော်လည်း၊ ဂျပန်နိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာပြီး ကာလတိုနေထိုင်ခွင့်ဖြင့် နေထိုင်နေသူများသည်လည်း စာမေးပွဲကို ဖြေဆိုခွင့်ရှိပါသည်။ ဂျပန်နိုင်ငံ၏ တည်ဆဲဥပဒေများကို မလိုက်နာဘဲ နေထိုင်နေသူများ (တရားမဝင် နေထိုင်သူများ) သည် စာမေးပွဲကို ဖြေဆိုခွင့်မရှိပါ။

(သတိပြုရန်အချက် 2) လက်ရှိအချိန်တွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံမှလွဲ၍
ကျန်ရှိသောနိုင်ငံများမှ နိုင်ငံကူးလက်မှတ်
ကိုင်ဆောင်ထားသူများသည် စာမေးပွဲကို ဖြေဆိုခွင့်ရှိပါသည်။

- ■ ဤစာမေးပွဲကို အောင်မြင်သော်လည်း "အထူးကျွမ်းကျင်လုပ်သား" နေထိုင်ခွင့်ဗီဇာကို မဖြစ်မနေ ရရှိမည်ဟု အာမခံချက်မရှိပါ။
- ■ စာမေးပွဲအောင်မြင်ပြီး နေထိုင်ခွင့်လက်မှတ် (COE) လျှောက်ထားခြင်း သို့မဟုတ် ဗီဇာအမျိုးအစားပြောင်းလဲခြင်းကို လျှောက်ထားသော်လည်း၊ နေထိုင်ခွင့်လက်မှတ်ကို မဖြစ်မနေ ရရှိမည်ဟု အာမခံချက်မရှိပါ။
- ■ နေထိုင်ခွင့်လက်မှတ် (COE) ရရှိထားသော်လည်း၊ ဗီဇာ (Visa) ထုတ်ပေးရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားစစ်ဆေးဆုံးဖြတ်မည်ဖြစ်သောကြောင့် ဗီဇာကို မဖြစ်မနေ ရရှိမည်ဟု အာမခံချက်မရှိပါ။

## 3. စာမေးပွဲဘာသာရပ်၊ ကျင်းပစစ်ဆေးမည့် နည်းလမ်းများစသည်

(1) စာမေးပွဲဘာသာရပ်များ - စာတွေ့စစ်ဆေးခြင်းနှင့် လက်တွေ့စစ်ဆေးခြင်း ဘာသာရပ် 2 ခု

(2) စာမေးပွဲဖြေဆိုချိန် - မိနစ် 70

(3) ရွေးချယ်စရာများ - 3 ခု

(4) ဘာသာစကား - ဂျပန်ဘာသာစကား
(ခန်းဂျီးစာလုံးများတွင် ဖတ်နည်း "ရူဘီ" များ ပါရှိပါမည်။)

(5) စစ်ဆေးမည့်ပုံစံ - ကွန်ပျူတာအခြေပြု စာမေးပွဲစနစ် (CBTစနစ်)
စာမေးပွဲစင်တာရှိ ကွန်ပျူတာကို အသုံးပြု၍ မေးခွန်းများကို ဖြေဆိုရမည် ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုသူသည် ဖန်သားပြင်ပေါ်တွင် ပေါ်လာသော မေးခွန်းများကို ကြည့်ရှုပြီး ကွန်ပျူတာ ပေါ်တွင်ပင် အဖြေများကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။

(6) မေးခွန်းအရေအတွက်နှင့် အမှတ်ပေးပုံစံ -

<table>
<tr><th rowspan="2">အချက်အလက်</th><th colspan="2">စာတွေ့စစ်ဆေးမှု</th><th colspan="2">လက်တွေ့စစ်ဆေးမှု</th></tr>
<tr><th>မေးခွန်းအရေအတွက်</th><th>ရမှတ်</th><th>မေးခွန်းအရေအတွက်</th><th>ရမှတ်</th></tr>
<tr><td>အစားအစာ သန့်ရှင်းရေးဆိုင်ရာ အထွေထွေ အသိပညာ</td><td rowspan="4">မေးခွန်း 25ခု</td><td rowspan="4">အမှတ်ပြည့် 75 မှတ် (မေးခွန်း 1 ခုလျှင် 3 မှတ်)</td><td rowspan="4">ဆုံးဖြတ်ချက် စစ်ဆေးမှု မေးခွန်း 4ခု စီမံကိန်းရေးဆွဲခြင်းစစ်ဆေးမှု မေးခွန်း 2ခု</td><td rowspan="4">အမှတ်ပြည့် 30 မှတ် (မေးခွန်း 1 ခု လျှင် 5 မှတ်)</td></tr>
<tr><td>ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကြောင်းအရင်းများ</td></tr>
<tr><td>အထွေထွေ သန့်ရှင်းရေး စီမံခန့်ခွဲမှု</td></tr>
<tr><td>HACCP နည်းလမ်းဖြင့် သန့်ရှင်းရေးစီမံခန့်ခွဲမှု</td></tr>
<tr><td>အလုပ်ခွင် ဘေးအန္တရာယ် ကင်းရှင်းရေး</td><td>မေးခွန်း 5ခု</td><td>အမှတ်ပြည့် 25 မှတ် (မေးခွန်း 1ခု လျှင် 5မှတ်)</td><td>ဆုံးဖြတ်ချက်စစ်ဆေးမှု မေးခွန်း 4ခု</td><td>အမှတ်ပြည့် 20 မှတ် (မေးခွန်း 1 ခုလျှင် 5 မှတ်)</td></tr>
<tr><td></td><td>မေးခွန်း 30ခု</td><td>100 မှတ်</td><td>မေးခွန်း 10ခု</td><td>50 မှတ်</td></tr>
</table>

[ကိုးကား]

သင်ခန်းစာစာအုပ်ရဲ့အခန်း 1 ကနေ အခန်း 3 အထိ သက်ဆိုင်ရာ အကြောင်းအရာ တစ်ခုချင်းစီကို ဖတ်ရှုပေးပါ။

## 4. အောင်မြင်မှု သတ်မှတ်ချက်

အောင်မြင်မှုသတ်မှတ်ချက်မှာ စုစုပေါင်း ရမှတ် 150 အနက် 98 မှတ်နှင့်အထက် (မှန်ကန်မှုနှုန်း 65% နှင့်အထက်) ဖြစ်ပါသည်။

## 5. စာမေးပွဲကြေး

8,000ယန်း (အခွန်ပါဝင်ပြီး)

ပေးသွင်းပြီးသော စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

သို့သော်လည်း အောက်ပါအခြေအနေများတွင် စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးပါမည်။

・OTAFF ၏ အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲ မကျင်းပဖြစ်သည့်အခါ

・သဘာဝဘေးအန္တရာယ်စသည်တို့ကြောင့် စာမေးပွဲမကျင်းပနိုင်ဟု OTAFF က ဆုံးဖြတ်လိုက်သည့်အခါ

※အခြားနေ့ရက်တွင် စာမေးပွဲဖြေဆိုခွင့်ရရှိပါက စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

## 6. စာမေးပွဲပြန်လည်ဖြေဆိုခြင်း

စာမေးပွဲဖြေဆိုပြီးနောက် တူညီသောလုပ်ငန်းအမျိုးအစား အတွက် စာမေးပွဲကို ထပ်မံဖြေဆိုလိုပါက ယခင်ဖြေဆိုခဲ့သည့်နေ့၏ နောက်တစ်ရက်မှစ၍ 45 ရက် ပြည့်အောင် စောင့်ဆိုင်းရပါမည်။ ဆိုလိုသည်မှာ စာမေးပွဲဖြေဆိုသည့်နေ့၏ နောက်တစ်ရက်မှစ၍ ရေတွက်ပါက 46 ရက် မြောက်နေ့မှစတင်၍ နောက်တစ်ကြိမ် ပြန်လည်ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

## 7. စာမေးပွဲဖြေဆိုမည့်နေ့တွင် လိုက်နာရမည့် အချက်အလက်များ

(1) ဉေ့်ကြိုကောင်တာတွင် သတိပြုရန်အချက်များ

1) စာမေးပွဲ ဖြေဆိုမည့်နေ့မတိုင်မီ "စာမေးပွဲဖြေဆိုမည့်နေ့တွင် လိုက်နာရန်သတိပြုချက်များ" ကို မပျက်မကွက် စစ်ဆေးဖတ်ရှုပါ။

2) စာမေးပွဲနေ့တွင် ယူဆောင်လာရမည့်ပစ္စည်းများကို ယူဆောင်လာခြင်း မရှိပါက စာမေးပွဲ ဖြေဆိုခွင့် ရရှိမည် မဟုတ်ပါ။

(2) စာမေးပွဲခန်းအတွင်းသို့ မဝင်မီ သတိပြုရန်အချက်များ

1) စာမေးပွဲခန်းထဲသို့ မဝင်မီ မျက်နှာဓာတ်ပုံ ရိုက်ကူးမည်ဖြစ်သည်။ မျက်နှာဓာတ်ပုံကို စာမေးပွဲရလဒ်အကြောင်းကြားစာတွင် အသုံးပြုမည် ဖြစ်ပါသည်။

2) စာမေးပွဲခန်းအတွင်းသို့ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထားမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ ယူဆောင်ခွင့်မပြုပါ။ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထား မှအပ လက်ကိုင်ဖုန်း၊ ခဲတံ၊ လက်ပတ်နာရီ၊ ဂဏန်းပေါင်းစက် အပါအဝင် ကိုယ်ပိုင်ပစ္စည်းအားလုံးကို Lockerအတွင်းသို့ ထည့်ထားပါ။

3) လက်ကိုင်ဖုန်း စသည့် ပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိကို လုံခြုံရေးအရ စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ။

4) လက်ကိုင်ဖုန်းစသည့် တားမြစ်ပစ္စည်းများကို ယူဆောင်ရန် ကြိုးပမ်းသည်ဟု သိရှိရပါက စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ပါ။ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ။

5) ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေရန်အတွက် လက်ခံကောင်တာနှင့် Locker များကို လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။

(3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း သတိပြုရန်အချက်များ

1) စာမေးပွဲတွင် ကွန်ပျူတာ မောက်စ် ကို အသုံးပြု၍ အဖြေများကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ ကွန်ပျူတာမျက်နှာပြင်ပေါ် ရှိ လုပ်ဆောင်ချက်ခလုတ်များ (Action Buttons) ကို နှိပ်လိုသည့်အခါ မောက်စ်ကို ရွှေ့ပြီး မျက်နှာပြင်ပေါ် ရှိ မြှားအမှတ်အသားကိုရွှေ၍ မောက်စ်၏ ဘယ်ဘက်ခလုတ်ကို တစ်ချက် နှိပ်ပေးပါ။ မောက်စ်၏ ခလုတ်ကို တစ်ချက်သာ နှိပ်ပါ။ နှစ်ကြိမ်နှင့် အထက်မနှိပ်မိစေရန် သတိပြုပါ။

2) စာမေးပွဲမဖြေဆိုမီနှင့် ဖြေဆိုနေစဉ်အတွင်း ခန္ဓာကိုယ် သို့မဟုတ် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားထားခြင်းကို မသမာမှု ဟု သတ်မှတ်မည်ဖြစ်ပြီး စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရန် ခိုင်းစေခံရမည်ဖြစ်ကာ စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးမည်ဖြစ်သည်။ ကိုယ်ခန္ဓာ သို့မဟုတ် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားခြင်း မပြုလုပ်ရန် အထူးသတိပြုပေးပါ။

3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာမေးပွဲပုံစံနှင့် မေးခွန်းပါအကြောင်းအရာများနှင့် ပတ်သက်သော မေးမြန်းစုံစမ်းမှုများကို လုံးဝဖြေကြားပေးမည် မဟုတ်ပါ။ အကယ်၍ နားမလည်သောအချက်များ ရှိပါက သို့မဟုတ် ကွန်ပျူတာတွင် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ချက်ချင်း လက်ထောင်၍ (သို့မဟုတ် ခေါ်ဆိုသည့်ခလုတ်ကို နှိပ်၍) တာဝန်ကျဝန်ထမ်းကို ခေါ်ယူပေးပါ။ စာမေးပွဲပြီးဆုံးသွားပြီးမှ အကြောင်းကြားလာပါက မည်သို့မျှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်

မဟုတ်ပါ။

4) မေးခွန်းများကို သတ်မှတ်ချိန်ထက် စောစီးစွာ ဖြေဆိုပြီးစီးသူများသည် စာမေးပွဲခန်းအတွင်းမှ ထွက်ခွာနိုင်ပါသည်။
5) စာမေးပွဲခန်းအတွင်း အသုံးပြုနိုင်ရန် မှတ်စုစာရွက်နှင့် ခဲတံ (သို့မဟုတ် အီလက်ထရောနစ် Pad) တို့ကို ဝေပေးပါမည်။ ထို့အပြင် ကွန်ပျူတာတွင် ပါရှိသော ဂဏန်းပေါင်းစက်ကိုလည်း အသုံးပြုနိုင်ပါသည်။
6) စာမေးပွဲဖြေဆိုနေစဉ်အတွင်း မရိုးမသား ပြုလုပ်ခြင်း များကို လုံးဝမပြုလုပ်ပါနှင့်။ မရိုးမသားပြုလုပ်ခြင်းများ မရှိစေရန်အတွက် လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။ စာမေးပွဲခန်းအတွင်း တာဝန်ကျဝန်ထမ်းများက လှည့်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။
7) မရိုးမသားပြုလုပ်ခြင်းတစ်စုံတစ်ရာ ကျူးလွန်ပါက စာမေးပွဲဖြေဆိုမှုကို ချက်ချင်း ရပ်ဆိုင်းမည်ဖြစ်ပြီး အခန်းအတွင်းမှ ထွက်ခွာခိုင်းမည် ဖြစ်ပါသည်။

(4) စာမေးပွဲပြီးဆုံး၍ စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရာတွင် လိုက်နာရမည့်အချက်များ

1) စာမေးပွဲဖြေဆိုပြီးပါက စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရမည် ဖြစ်ပါသည်။
2) Lockerထဲတွင် အပ်နှံထားသော ပစ္စည်းများကို ပြန်လည်ထုတ်ယူပေးပါ။
3) Locker သော့ကို လက်ခံကောင်တာသို့ မပျက်မကွက် ပြန်လည်အပ်နှံပေးပါ။ အကယ်၍ မှားယွင်းပြီး ယူဆောင်သွားမိပါက Locker သော့ အသစ်လဲလှယ်ရန်အတွက် ကုန်ကျစရိတ်များကို တောင်းခံသွားမည် ဖြစ်ပါသည်။

(5) အခြားသတိပြုရန်အချက်များ

1) အခြားသော စာမေးပွဲဖြေဆိုသူများ သို့မဟုတ် တာဝန်ကျဝန်ထမ်းများအား နှောင့်ယှက်ခြင်း၊ ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်း (သို့မဟုတ်) ပြုလုပ်ရန် ကြိုးပမ်းခြင်း စသည့် လုပ်ရပ်များ ကျူးလွန်ပါက စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးမည် ဖြစ်ပါသည်။
2) စာမေးပွဲကျင်းပရာနေရာ (လက်ခံကောင်တာ အပါအဝင်) အတွင်း ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် အသံဖမ်းယူခြင်းများကို လုံးဝခွင့်မပြုပါ။
3) ဆေးလိပ်သောက်လိုပါက သတ်မှတ်ထားသော နေရာတွင်သာ သောက်ပေးပါ။
4) စာမေးပွဲခန်းအတွင်းသို့ စာမေးပွဲဖြေဆိုမည့်သူသာလျှင် ဝင်ရောက်နိုင်ပါသည်။ (လိုက်ပါပို့ဆောင်ပေးသူများ ဝင်ရောက်ခွင့်မရှိပါ။)
5) တာဝန်ကျဝန်ထမ်းများအနေဖြင့် စာမေးပွဲရလဒ်နှင့် ရရှိသည့်အမှတ်များနှင့် ပတ်သက်သော မေးမြန်းစုံစမ်းမှုများကို လုံးဝဖြေကြားပေးမည် မဟုတ်ပါ။

## 8. မရိုးမသားပြုလုပ်ခြင်းတားမြစ်ချက်နှင့် အောင်မြင်မှုရလဒ်များအား ပယ်ဖျက်ခြင်း

(1) မရိုးမသားပြုလုပ်ခြင်းဆိုသည်မှာ အောက်ပါလုပ်ရပ်များကို ဆိုလိုခြင်းဖြစ်သည်။

1) အဖွဲ့အစည်းမှ ဆောင်ရွက်သော စာမေးပွဲဖြေဆိုခွင့် အခွင့်အရေးကို တရားမျှတစွာ ရရှိစေရေးအပေါ် ထိခိုက်နစ်နာစေသည့် လုပ်ရပ်များဖြစ်သည့် My Page တွင် အချက်အလက်မှားယွင်းစွာစာရင်းသွင်းခြင်း နှင့် အကြိမ်ကြိမ် စာရင်းပေးသွင်းခြင်းအပါအဝင် မရိုးသားသော နည်းလမ်းများဖြင့် စာမေးပွဲဖြေဆိုခြင်း သို့မဟုတ် ဖြေဆိုရန် ကြိုးပမ်းခြင်း။

2) အဖွဲ့အစည်းမှ ဆောင်ရွက်သော ဖြေဆိုသူများ၏ အရည်အချင်းကို မှန်ကန်မျှတစွာ စစ်ဆေးတိုင်းတာမှုအပေါ် ထိခိုက်စေသည့် လုပ်ရပ်များနှင့် စာမေးပွဲကို စနစ်တကျ ကျင်းပဆောင်ရွက်မှုအပေါ် အနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များ။

3) စာမေးပွဲမေးခွန်းများကဲ့သို့သော လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ စာမေးပွဲနှင့် သက်ဆိုင်ရာဝန်ထမ်းများထံမှ အချက်အလက် တောင်းခံခြင်း (သို့မဟုတ်) ရယူခြင်း စသည့် စာမေးပွဲ၏ လျှို့ဝှက်ချက်ကို ထိခိုက်စေသော လုပ်ရပ်များ။

4) စာမေးပွဲရလဒ် အကြောင်းကြားစာအား အတုပြုလုပ်ခြင်း

5) အထက်ဖော်ပြပါ အချက်များအပြင် စာမေးပွဲ၏ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် စနစ်တကျ ကျင်းပဆောင်ရွက်မှုတို့ကို အဟန့်အတားဖြစ်စေသော အခြားသော လုပ်ရပ်များ

(2) စာမေးပွဲခန်းအတွင်း အောက်ပါအတိုင်း ပြုလုပ်ခြင်းများကို မရိုးမသားပြုလုပ်ခြင်းဟု သတ်မှတ်ပြီး၊ စစ်ဆေးတွေ့ရှိသည်နှင့်တစ်ပြိုင်နက် စာမေးပွဲဖြေဆိုမှုကို ချက်ချင်း ရပ်ဆိုင်းမည် ဖြစ်ပါသည်။

1) စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသူ မဟုတ်ဘဲ အခြားသူတစ်ဦးမှ ကိုယ်စားဝင်ရောက် ဖြေဆိုခြင်း

2) စာမေးပွဲခန်းအတွင်း စကားပြောဆိုခြင်း နှင့် အခြားဖြေဆိုသူ၏ ကွန်ပျူတာမျက်နှာပြင်ကို ချောင်းကြည့်ခြင်း စသည့် ခိုးချမှုများ ပြုလုပ်ခြင်း။

3) စာမေးပွဲခန်းအတွင်းသို့ အချက်အလက်များ ယူဆောင်လာခြင်း၊ စာမေးပွဲခန်းအတွင်းမှ အချက်အလက်များ အပြင်သို့ ယူဆောင်သွားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း

4) ခွင့်ပြုထားသည့် ပစ္စည်းများမှလွဲ၍ အခြားသော ပစ္စည်းများကို စာမေးပွဲခန်းအတွင်းသို့ ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း (※)

5) စာမေးပွဲစစ်ဆေးရေးဌာနမှ ထုတ်ပေးထားသော မှတ်စုစာရွက်နှင့် အီလက်ထရွန်နစ်Padတို့မှလွဲ၍ အခြားအရာများပေါ်တွင် စာရေးသားခြင်း၊ သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် စာသားများ ရေးသားထားလျက် စာမေးပွဲခန်းအတွင်းသို့ ဝင်ရောက်ခြင်း (※)

※ယူဆောင်လာခြင်း၊ အပြင်သို့ထုတ်ယူခြင်း သို့မဟုတ် ရေးသားထားခြင်းများ ပြုလုပ်ထားသော အချက်အလက်များသည် စာမေးပွဲနှင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ မရိုးမသားပြုလုပ်ခြင်းဟုသာ သတ်မှတ်မည် ဖြစ်ပါသည်။

(3) မရိုးမသားပြုလုပ်ခြင်းရှိခဲ့ပါက အရေးယူဆောင်ရွက်မည့် နည်းလမ်းများ

1) မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုခဲ့လျှင်သော်လည်းကောင်း၊ ဖြေဆိုရန် ကြိုးပမ်းခဲ့လျှင်သော်လည်းကောင်း စစ်ဆေးပေးမည်မဟုတ်ပါ။
2) မရိုးမသားပြုလုပ်ခြင်းကြောင့် နောက်နောင်တွင် ဖြေဆိုသူ၌ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက OTAFF အနေဖြင့် မည်သည့်တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဝတ္တရားရှိမည်မဟုတ်ပါ။ စာမေးပွဲဖြေဆိုခကြေးငွေ ကိုလည်း ပြန်လည်ပေးအပ်မည် မဟုတ်ပါ။
3) ခန္ဓာကိုယ် သို့မဟုတ် အသုံးအဆောင်ပစ္စည်းများပေါ်တွင် စာရေးသားထားသည်ကို တွေ့ရှိပါက သက်ဆိုင်ရာ အထောက်အထားပစ္စည်းများကို မှတ်တမ်းတင်ခြင်း (ဓာတ်ပုံရိုက်ယူခြင်း အပါအဝင်) ပြုလုပ်မည် ဖြစ်ပါသည်။
4) စာမေးပွဲရလဒ်အကြောင်းကြားစာ ထုတ်ပေးပြီးမှ မရိုးမသားပြုလုပ်မှုကို စစ်ဆေးတွေ့ရှိရပါကလည်း အောင်မြင်မှုအပါအဝင် ရရှိထားသော စာမေးပွဲရလဒ်အားလုံးကို ပြန်လည်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။ အောင်မြင်မှုအပါအဝင် စာမေးပွဲရလဒ်များကို ပြန်လည်ပယ်ဖျက်လိုက်သည့်အခါတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်ခွင့်စီမံခန့်ခွဲရေး ဦးစီးဌာနထံသို့ တိုက်ရိုက်သတင်းပို့အကြောင်းကြားသွားမည် ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်ထံသို့လည်း အောင်မြင်မှုအပါအဝင် စာမေးပွဲရလဒ်များကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပြီး၊ My Page တွင် တင်ပေးထားသော စာမေးပွဲရလဒ်အကြောင်းကြားစာအချက်အလက်များ ကိုလည်း ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။
5) မရိုးမသားပြုလုပ်ခြင်းကျူးလွန်ခဲ့ပါက အများဆုံး 5 နှစ်အထိ စာမေးပွဲဖြေဆိုခွင့် ပိတ်ပင်ခြင်း ခံရနိုင်ပါသည်။